# ဇူလိုင်ရဲ့ တည



အေးခဲနေတဲ့ သွေးတွေ
ပူနွေးလူးလွန့် လာတဲ့ည

အားငယ်ခြင်း ဝိညာဉ်
အဝေးသို့ လွင့်စဉ်
ထွက်ခွာသွားတဲ့ ည

ငြိမ်းချမ်းရေး နိမိတ်ကို ဆောင်တဲ့
လရောင်ဟာ
အမှောင်ကိုခွင်း
လောက စစ်တလင်းအတွင်းမှာ
ချင်းနင်း ဝင်ရောက်
နေရာယူ လိုက်တယ်

ပန်းတို့ တဖွားဖွား
ပွင့်လို့ သွားတယ်
ရနံ့တွေ သင်းထုံသွားတယ်တဲ့

နာမကျန်းရာတဲ့
ပါလိုမာ ချိုးဖြူငှက်ဟာ
တောင်ပံတစုံကို ရိုက်ခတ်လို့
ကုန်းရုန်းထဖို့ ကြိုးစားလာတယ်

ယဉ်ကျေးသူတို့
ကောင်းချီးအခါခါ ပေးပြီပေ့ါ

သီလဖြူစင်သူတို့
နလုံးသားဟာ
အားသစ်လောင်းလိုက်သလိုပ
ဒီညမှာ
အိပ်လို့ မရတာ
ဘယ်သူမှ
ဒေါမနဿ မဖြစ်ခဲ့ကြ

အတ္တအမိုက်တိုက်တွေ
ညစ်ထေးနေတဲ့
အဓမ္မဝါဒီ တစုအတွက်တော့
သွေးပျက်စရာည
ဒီညဟာ ဒေါ်အောင်ဆန်းစုကြည်
လွတ်မြောက်လာတဲ့ည။ ။

လင်းလက်ဇာနည် ၁၀ ဇူလိုင် ၁၉၉၅

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် ပထမဦးဆုံးအကြိမ် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့သည့်နေ့ က အမှတ်တရ ရေးဖွဲ့ ခဲ့ပါသည်။

၁၉၉၅ တုန်းက ဂျပန်မှာထုတ်တဲ့ VOICE OF BURMA စာစောင်မှ ပြန်လည် ဖော်ပြပါသည်။